၂၀၁၈ ခုနှစ်
တက္ကသိုလ်ဝင်စာမေးပွဲ
မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

ပထဝီဝင် | ခွင့်ပြုချိန် (၃)နာရီ

သတိပြုရန်။ ။ အဖြေများကို စာအုပ်တွင်ဖြေပါ။ အပိုင်း(က)နှင့် အပိုင်း(စ)မှ မေးခွန်းအားလုံး ဖြေဆိုရမည်ဖြစ်ပြီး၊ကျန်အပိုင်းတစ်ပိုင်းစီမှတစ်ပုဒ်စီ စုစုပေါင်း(၆)ပုဒ်ဖြေဆိုရမည်။ လိုအပ်သည့်နေရာများတွင် မြေပုံ၊ ပုံကြမ်းနှင့် သရုပ်ပြပုံများရေးဆွဲပါ။

## အပိုင်း(က)

အောက်ပါတို့ကိုအားလုံးဖြေဆိုပါ။ (၁၅)မှတ်

၁။ (က) အောက်ပါဖော်ပြချက်များကိုအမှား၊အမှန်ရွေး၍ မှန်လျှင်'မှန်'ဟုရေးပြီး မှားလျှင် 'မှား'ဟုရေးပါ။ (၅)မှတ်

(၁) ရေသည်အေးခဲလာသောအခါ၎င်း၏မူလထုထည် ထက်ဆယ်ပုံတစ်ပုံမျှကြီးလာသည်။
(၂) ကုန်းချောထွက်ရှိရာ အရပ်များတွင် စက်မှုလုပ်ငန်းများကို တည်ဆောက်ကြသည်။
(၃) မြန်မာနိုင်ငံတွင် ပလက်တီနမ်ကို ငွေနှင့်အတူ တွေ့ရတတ်သည်။
(၄) အမေရိကန်ပြည်ထောင်စုသည် မြောက်အမေရိကတိုက်တွင် တည်ရှိသည်။
(၅) ဂရစ်အညွှန်းဖော်ပြရာတွင် ဂရစ်မျဉ်းဂဏန်းများကို အသုံးပြုရသည်။

(ခ) အောက်ပါတို့ကိုဖြည့်စွက်ရေးသားပါ။ (၅)မှတ်

(၁) ကျောက်များသည် ---- ဖြင့် အသွင်ပြောင်းနိုင်သည်။
(၂) ဘရိုက်တီးကို ---- တူးဖော်ရေးတွင် အသုံးပြုသည်။
(၃) ရန်ကုန်မြို့---- ရှိ ဂုန်နီကော်ဇောစက်ရုံမှ ဂုန်နီကော်ဇောများထုတ်လုပ်သည်။
(၄) အာရှတိုက်ကုန်းမနှင့်ဂျပန်ကျွန်းစုကြားတွင် ---- တည်ရှိသည်။
(၅) မြေပြင်လက္ခဏာရပ်များကို နည်း ---- ဖြင့်ပြသလေ့ရှိသည်။

(ဂ) အောက်ပါတို့အနက်မှ အဖြေမှန်ရွေးပါ။ (၅)မှတ်

(၁) အနည်ကျကျောက်များ၏ပျမ်းမျှထုသည် ---- မျှသာရှိသည်။
(က) ၁ မိုင် (ခ) ၂ မိုင် (ဂ) မိုင်ဝက်
(၂) ကားလမ်းဖြင့်ပို့ဆောင်ရေးလုပ်ငန်းသည် ကမ္ဘာပေါ်တွင် ---- အသုံးပြုသည့် ပို့ဆောင်ရေးလုပ်ငန်းဖြစ်သည်။
(က) အများဆုံး (ခ) အနည်းဆုံး (ဂ) ပုံမှန်
(၃) ကိုဘော့ကို ဘော်တွင်းသတ္တုတွင်းတွင် ---- စသည်တို့နှင့်ရော၍ တွေ့ရသည်။
(က) ခဲမဖြူ (ခ) နီကယ် (ဂ) အဖြိုက်နက်
(၄) ပြင်သစ်နိုင်ငံသည် ဥရောပ ---- အဖွဲ့ကိုစတင်တည်ထောင်သောအဖွဲ့ဝင် နိုင်ငံဖြစ်သည်။
(က) ဗဟိုဈေး (ခ) မဟာမိတ် (ဂ) ဘုံဈေး
(၅) စတီရီယိုစကုပ်မှာအဓိကအားဖြင့် ---- မျိုးရှိသည်။
(က) နှစ် (ခ) သုံး (ဂ) လေး

[တစ်ဖက်သို့

## အပိုင်း (ခ) သဘာဝပထဝီဝင်

အောက်ပါတို့အနက်မှ(၁)ပုဒ်ဖြေပါ။ (၁၅)မှတ်

၂။ ဆူနာမီဖြစ်ပေါ်လာပုံနှင့် ဆူနာမီကြောင့် ထိခိုက်ဆုံးရှုံးမှုများအကြောင်း ရေးသားဖြေဆိုပါ။

၃။ မြစ်အောက်ပိုင်း၏လုပ်ငန်းနှင့်မြစ်အောက်ပိုင်းသွင်ပြင်များအကြောင်းကိုဖြေဆိုပါ။

၄။ အောက်ပါတို့အနက်မှ (၂) ပုဒ်ကိုမှတ်စုတိုရေးပါ။

(က) အနည်ကျကျောက်များတည်ရှိပုံ

(ခ) မြေဆီလွှာဖြစ်စဉ်နှင့် မြေဆီလွှာအမျိုးအစားများ

(ဂ) ပြွန်စိုက်တွင်း၊ ရေပူပန်းနှင့်အိုအေစစ်

(ဃ) သဏ္ဍာကျွန်းများ ဖြစ်ပေါ်လာပုံ

## အပိုင်း (ဂ) စီးပွားရေးပထဝီဝင်

အောက်ပါတို့အနက်မှ(၁)ပုဒ်ဖြေပါ။ (၁၅)မှတ်

၅။ ကျောက်မီးသွေး ဖြစ်ပေါ်လာပုံကို ပုံနှင့်တကွ ရှင်းလင်းရေးသားပြီး ကျောက်မီးသွေး အမျိုးအစားများကို ဖော်ပြပါ။

၆။ မြောက်အမေရိက၊ ဥရောပ၊ အာရှနှင့်ကမ္ဘာ့အခြားဒေသများရှိ ကားလမ်းများပျံ့နှံ့တည်ရှိမှုကိုဆွေးနွေးပါ။

၇။ အောက်ပါတို့အနက်မှ (၂) ပုဒ်ကိုမှတ်စုတိုရေးပါ။

(က) မဂ္ဂနက်တိုက်၊ ဟီမတိုက်

(ခ) သဘာဝဓာတ်ငွေ့

(ဂ) ပိုးထည်လုပ်ငန်း၊ ဂုန်လျှော်ထည်လုပ်ငန်း

(ဃ) မီးရထားစက်ခေါင်းနှင့်တွဲများ ထုတ်လုပ်ရေး၊ သင်္ဘောတည်ဆောက်ရေးလုပ်ငန်း

## အပိုင်း (ဃ) မြန်မာနိုင်ငံပထဝီဝင်

အောက်ပါတို့အနက်မှ(၁)ပုဒ်ဖြေပါ။ (၁၅)မှတ်

၈။ မြန်မာနိုင်ငံ၏စက်မှုတွင်းထွက်ကုန်ကြမ်းများမှ ဘိလပ်မြေ၊ ဂေါ်ဒန်၊ ထုံးကျောက်၊ မီးခံရွှံ့စေး ထုတ်လုပ်မှုအကြောင်း ရေးသားပါ။

၉။ မြန်မာ့စားသောက်ရေးဆိုင်ရာ စက်မှုလုပ်ငန်းများမှ ဆန်စက်နှင့်ဆီစက်များအကြောင်းဖြေဆိုပါ။

၁၀။ အောက်ပါတို့အနက်မှ (၂) ပုဒ်ကိုမှတ်စုတိုရေးပါ။

(က) ဘော်တွင်းသတ္တုတွင်း

(ခ) စိုက်ပျိုးရေးကိရိယာပစ္စည်းလုပ်ငန်း၊ အလုပ်ရုံများနှင့်သင်္ဘောကျင်းများ

(ဂ) မြန်မာနိုင်ငံ၏ ပြည်ပပင်လယ်ရေကြောင်းပို့ဆောင်ဆက်သွယ်ရေး

(ဃ) မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန်များမှ တွင်းထွက်ပစ္စည်းများနှင့် ကျောက်မျက်ရတနာများ

## အပိုင်း (င) ကမ္ဘာ့ပထဝီဝင်

အောက်ပါတို့အနက်မှ(၁)ပုဒ်ဖြေပါ။ (၁၅)မှတ်

၁၁။ ဂျပန်နိုင်ငံ၏ရာသီဥတု၊ သဘာဝပေါက်ပင်နှင့် မြေဆီလွှာအကြောင်းကို ရေးပါ။

၁၂။ သြစတြေးလျနိုင်ငံ၏ပို့ဆောင်ဆက်သွယ်ရေးနှင့် မြို့ကြီးများအကြောင်းရေးပါ။

၁၃။ အောက်ပါတို့အနက်မှ (၂) ပုဒ်ကိုမှတ်စုတိုရေးပါ။

(က) အမေရိကန်ပြည်ထောင်စု၏တည်နေရာနှင့်အကျယ်အဝန်း

(ခ) ဗြိတိန်နိုင်ငံ၏ တိရစ္ဆာန် မွေးမြူရေးနှင့် ငါးဖမ်းလုပ်ငန်း

(ဂ) ပြင်သစ်နိုင်ငံ၏အဓိကသွင်းကုန်များနှင့်တင်ပို့ကုန်များ

(ဃ) ဘာလင်မြို့၊ ဘွန်းမြို့

## အပိုင်း (ခ) လက်တွေ့ပထဝီဝင်

အောက်ပါတို့ကိုအားလုံးဖြေပါ။ (၂၅)မှတ်

၁၄။ (က) ကင်မရာဆုံတာ (၁၂) လက်မဖြင့်ကုန်းမြေအထက်ပေ (၂၀၀၀၀) မှကောင်းကင်ဓာတ်ပုံ ရိုက်ယူလျှင်ရရှိမည့် ဓာတ်ပုံ၏စကေးကိုရှာပါ။ (၁၀)မှတ်

(ခ) ပေးထားသောကွန်တိုမြေပုံကိုသေချာစွာလေ့လာပြီးအောက်ပါတို့ကိုဖြေပါ။ (၁၅)မှတ်

(၁) 'က' မှ 'ခ' သို့ဖြတ်ပိုင်းပုံရေးဆွဲပါ။

(၂) မြေပုံပါဒေသ၏လတ္တီကျူ၊ လောင်ဂျီကျူ နှင့် ဧရိယာ (စတုရန်းမိုင်)တို့ကိုရှာပါ။

(၃) မြေပုံပါဒေသ၏တည်နေရာ၊မြေမျက်နှာသွင်ပြင်နှင့်ရေဆင်းအကြောင်းရေးပါ။

